# ကောင်းမြတ်ချမ်းသာမင်္ဂလာ

အသက်ဂုဏ်ဝါကြီးမြတ်ကြကုန်သော သူတော်ကောင်းကြီးများက အကျွန်ုပ်တို့အား ကောင်းမြတ်ချမ်းသာ မင်္ဂလာရှိပါစေ၊ ကောင်းမြတ်ချမ်းသာ မင်္ဂလာရှိပါစေ-ဟု ဆုတောင်းမေတ္တာပို့သပေးကြပါသည်။ ကျွန်ုပ်တို့ကလည်း တစ်ခြားသူများကို ဤသို့ ဆုတောင်းမေတ္တာပို့သပေးကြရပါသည်။ အကောင်းဆုံး၊ အမြတ်ဆုံး၊ အချမ်းသာဆုံးအားလုံးတို့ဖြင့် မင်္ဂလာရှိပါစေ ဟူသောအဓိပ္ပါယ်ပင်ဖြစ်ပါသည်။

အကောင်းဆုံးဖြစ်အောင်၊ အမြတ်ဆုံးဖြစ်အောင်၊ အချမ်းသာဆုံးဖြစ်အောင်၊ မင်္ဂလာရှိအောင် ကျွန်ုပ်တို့ကိုယ်တိုင်က ကြိုးစားကြရပါမည်။ မည်သို့သော တန်ခိုးရှင်ကမှ ကျွန်ုပ်တို့အား အကောင်းဆုံးဖြစ် အောင်၊ အမြတ်ဆုံးဖြစ်အောင်၊ အချမ်းသာဆုံးဖြစ်အောင်၊ မင်္ဂလာရှိအောင်ပြုလုပ်မပေးနိုင်ပါချေ။ မြတ်စွာဘုရားရှင်က နတ်သားတစ်ယောက်အား အကောင်းဆုံးသောအရာလေးမျိုးကို ဤသို့ဟောတော်မူပါ သည်။ (၁)အိုသည့်တိုင်အောင် အကောင်းဆုံးသော အရာသည် ကိုယ်ကျင့်သီလ။ (၂)ကျွန်ုပ်တို့သန္တာန်၌ ကောင်းမွန်စွာကြာရှည်တည်တံ့လျှင် အကောင်းဆုံးသောအရာသည် သဒ္ဓါတရား။ (၃)လူသားတို့က အ မြတ်တနိုးအားကိုးစရာအကောင်းဆုံးသောအရာသည် ပညာ။ (၄)လူဆိုးသူခိုးများ လုယက်ယူင်၍ မရနိုင်သည့် အကောင်းဆုံးသောအရာသည် ကုသိုလ်ကောင်းမှု ဟူ၍ဖြစ်ပါသည်။

## အိုသည့်တိုင်အောင် ကောင်းမြတ်စွာ ကိုယ်ကျင့်မြတ်သီလ

အရွယ်မရွေး ကလေးသူငယ်ဘဝမှ အိုမင်းသည့်တိုင်အောင် အကောင်းဆုံးသောအရာသည် ကိုယ်ကျင့်သီလတည်း။ ယင်းကိုယ်ကျင့်သီလကို ပညာရှင်များက နာသည့်တိုင်အောင်လည်းကောင်း၊ သေ သည့်တိုင်အောင်လည်းကောင်း အကောင်းဆုံးသောအရာဟု ဖွင့်ဆိုကြလေ၏။ ကျွန်ုပ်တို့ ပတ်ဝန်းကျင်ကို လေ့လာကြည့်က သိနိုင်ပါသည်။ လူကြီးလူငယ်အရွယ်မရွေး ကိုယ့်ကျင့်သီလစာရိတ္တကောင်းသူကို အလေးထားကာလေးစားကြသည်။ နေရာပေးကြသည်။ အကြီးအကဲအဖြစ် ရွေးချယ်တင်မြှောက်ကြသည်။ အရိယာပင်ဖြစ်စေ၊ ပုထုဇဉ်ဖြစ်စေ တန်ခိုးကြီးမားနတ်ပြဟ္မာများက ယနေ့မှဖြစ်သော ရှင်သာမ ဏေလေးများကိုပင် မြတ်နိုးကော်ရော်ပူဇော်ကြရသည်။ ထေရ်သံဃာတော်ကြီးများကိုကား ဆိုဘွယ်ရာမရှိ ပို၍ပို၍ပင် မြတ်နိုးကော်ရော်ပူဇော်ကြရသည်။ ယင်းသို့ မြတ်နိုးကော်ရော်ပူဇော်ရခြင်းသည် ကိုယ် ကျင့်သီမြတ်ဓမ္မကြောင့်ပင်ဖြစ်ပါသည်။ လောကီစီးပွားရေး၊ လူမှုရေးနယ်ပယ်တွင်လည်း ကိုယ်ကျင့်သီလစာရိတ္တကောင်းသူကို ရွေးချယ်ကြသည်။

ယုံကြည်အားကိုးတတ်ကြသည်။ ကိုယ်ကျင့်စာရိတ္တပျက်သူ ကိုဘေးဖယ်ထားကြသည်။ မောင်းထုတ်ကြသည်။ ဝေးဝေးကနေရှောင်သွားကြသည်။ ကိုယ့်ကျင့်စာရိတ္တကောင်းမွန်သူကိုကား လူငယ်လေးများပင်ဖြစ်လင့်ကစား လူကြီးများ၏ လေးစားမှုကိုခံယူကြရသည်။

အဆောက်အဦးကြီးများ မြင့်မြင့်မားမားတည်ဆောက်ကြရာတွင် အောက်ခံဖောင်ဒေးရှင်းကို ခိုင်ခိုင်မာမာတည်ဆောက်မှသာ အဆောက်အဦးကြီး အရှည်ခံ၍ တည်တံ့ခိုင်မာစေသည်။ ထို့အတူပင် လောကီစည်းစိမ်ချမ်းသာ၊ ဈာန်မဂ်ဖိုလ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာများကို ပိုင်ဆိုင်လိုပါက ကိုယ်ကျင့်သီလကို လေးလေးစားစား ခိုင်ခိုင်မာမာတည်ဆောက်ကြရပါသည်။ အသက်အရွယ်အိုမင်းလာသည့်အခါ အ လှပများ၊ ရွှေငွေရတနာများဖြင့် တန်ဆာဆင်ခြင်းထက် သီလဖြင့်တန်ဆာဆင်ခြင်းကသာပို၍ တင့်တယ်သည်။ မြတ်နိုးဘွယ်ရာကောင်းသည်။ ကိုယ်ကျင့်သီလကောင်းမွန်သော ဆရာတော်ကြီးများ အဘိုး အဘွားများကို ငယ်သူများက လေးစားမြတ်နိုးကြခြင်းမှာ ကိုယ်ကျင့်သီလကောင်းမွန်မှုကြောင့်ပင်ဖြစ်သည်။ ကိုယ်ကျင့်သီလကောင်းသူတို့သည် အသက်ကြီးလေလေ တန်ဘိုးကြီးလေဖြစ်ပါသည်။ အသက်အရွယ်အားဖြင့်ကြီးသော်လည်း ကိုယ်ကျင့်သီလမရှိသူများကို မည်သူကမျှမလေးစားချင်ကြ။ လူမလေးခွေးမခန့်ဖြစ်နေတတ်ကြပါသည်။

ကိုယ်ကျင့်သီလသည် နာသည့်တိုင်အောင်၊ သေသည့်တိုင်အောင်အကောင်းဆုံးဟု အဘယ့်ကြောင့်ဆိုရပါသနည်း။ သေခါနီးကာလ ရောဂါဝေဒနာပြင်းထန်ချိန်တွင် ဆေးဝါးဓာတ်စာလည်း မကယ်နိုင်၊ ဇနီးမယား သမီးသားနှင့် စီးပွားဉစ္စာကလည်း အားကိုးရာမဖြစ်။ ကျွန်ုပ်တို့၏ဖြူစင်သောကိုယ်ကျင့်သီလသည် အားကိုးအားထားရာဖြစ်လာပါသည်။ ကိုယ်ကျင့်သီလ ပျက်စီးနေပါက သေခါနီးလေလေ ကြောက်စရာကောင်းလေလေဖြစ်ပါသည်။ ဧရကပတ္တနဂါးမင်းဝတ္ထု၌ နှစ်ပေါင်းများစွာတရားကျင့်ခဲ့သော ရဟန်းတော်က သေခါနီးကာလတွင် ကိုယ်ကျင့်သီလပျက်ခဲ့မှုလေးတစ်ခုကို နလုံးသွင်းမိသည့်အ တွက် အပါယ်ဘုံ၌ နဂါးကြီးဖြစ်ခဲ့ရလေ၏။ ထို့ကြောင့် အိုသည့်တိုင်အောင် နာသည့်တိုင်အောင် သေသည့်တိုင်အောင် အကောင်းဆုံးသောအရာသည် ကိုယ်ကျင့်သီလဟုဟောတော်မူပါသည်။

## ယုံကြည်မြတ်နိုး အားကိုးစရာ မြတ်သဒ္ဓါ

ကျွန်ုပ်တို့သန္တာန်၌ ကောင်းမွန်စွာ အချိန်ကြာမြင့်စွာ တည်တံ့နေလျှင် အကောင်းဆုံးသောအရာသည် ရတနာသုံးတန် ကံနှင့်ကံ၏အကျိုးကို မြတ်နိုးယုံကြည်တတ်သော သဒ္ဓါတရားပင်တည်း။ အဘယ် ကြောင့်ဆိုသော် သဒ္ဓါတရားရှိမှ ဒါနကောင်းမှုပြုခွင့်ရ၏။ ကိုယ့်ကျင့်သီလ မကျိုးမပေါက်အောင် စောင့်ထိန်းဖြစ်သည်။ တည်ကြည်မှုသမာဓိတရားခိုင်မာသည်။

ဝိပဿနာဉာဏ်ပညာများတိုးပွားသည်။ သဒ္ဓါ တရားသည် စကြာမင်းတို့၏ ပတ္တမြားရတနာနှင့်တူ၏။ ထိုပတ္တမြားရတနာသည် နောက်နေသောရေကိုလည်း ကြည်စေနိုင်၏။ ပူနေသောရေကိုလည်း အေးစေနိုင်၏။ အနယ်အမှုံတို့ဖြင့် မသန့်စင်သောရေ ကိုလည်း သန့်ရှင်းစင်ကြယ်စေနိုင်၏။ ထို့အတူပင် ယုံကြည်မြတ်နိုးတတ်သော သဒ္ဓါတရားသည် ကျွန်ုပ်တို့စိတ်အတွင်း နောက်ကျိစေသောကိလေသာများကို ရှင်းလင်းသွားစေပြီး စိတ်အစဉ်ကိုကြည်လင်စေ ပါသည်။ ကိလေသာတို့ဖြင့် ပူပန်နေသောစိတ်အစဉ်ကိုလည်း အေးချမ်းသွားစေပါသည်။ ယုံမှားသံသယများ ပျံ့လွင့်မှုများကြောင့် လှုပ်ခတ်နေသော မသန့်ရှင်းသောစိတ်ကိုလည်း သန်ရှင်းသွားစေပါသည်။ ဥပမာအားဖြင့် စိတ်ညစ်နေသည့်အခါ ဘုရားခန်းကိုရောက်အောင်သွား။ ကိလေသာအညစ်အကြေး ကင်းဝေးစင်ကြယ် အလွန်တင့်တယ်အေးချမ်းသော မြတ်စွာဘုရားကိုသေသေချာချာဖူးမြော်။ ဂုဏ်တော် ကိုပွားလျှင် ချက်ချင်းညစ်နေသောစိတ်အစဉ် ကြည်လင်သွားပါလိမ့်မည်။

သဒ္ဓါတရားသည် သံသရာဝဋ်ဆင်းရဲဝဲသြဃကိုလည်း ကူးမြောက်စေသည်။ သံသရာခရီးရှည်ကိုလျှောက်လှမ်းရသည့်တိုင် သဒ္ဓါတရားရှိသူက အထက်တန်းစားဘဝဖြင့် တင့်တင့်တယ်တယ်၊ ပြည့်ပြည့် စုံစုံ ချမ်းချမ်းသာသာလျှောက်လှမ်းရသည်။ သဒ္ဓါဆင်းရဲ စေတနာမဲ့သူက သံသရာခရီးရှည်ကြီးကို ပင်ပင်ပန်းပန်းဆင်းဆင်းရဲရဲလျှောက်လှမ်းရသည်။ သတ္တဝါတို့၏ အမြတ်ဆုံးသောဥစ္စာသည် သဒ္ဓါတရားပင် တည်း။ ဥစ္စာနေ မကြွယ်ဝလည်း သဒ္ဓါတရားကောင်းသူသည် ချမ်းသာသူဟုဆိုနိုင်၏။ ဥစ္စာနေပေါကြွယ်ဝလည်း သဒ္ဓါတရားမဲ့သူကို လူမွဲဟုခေါ်ဆိုနိုင်၏။ အဘယ့်ကြောင့်ပါနည်း။ သဒ္ဓါတရားကောင်းသူက ဥစ္စာနေ မကြွယ်ဝသော်လည်း စိတ်ထားမြင့်မြတ်၏။ မနောလိုဝန်တိုမှုကင်း၏။ လူတိုင်းက ချစ်ခင်မြတ်နိုးကြပြီး အကူအညီပေးကြ၏။ သူပိုင်ဆိုင်သမျှကို မျှဝေလှူဒါန်းသည့်အတွက် သူပိုင်ဥစ္စာသည် ရေချိုတွင်း ကလေးနှင့်တူသည်။သဒ္ဓါတရားမဲ့သူက စိတ်ထားသေးသိမ်ညှံ့ဖျင်း၏။မနောလိုဝန်တိုမှုများ၏။ ဥစ္စာနေပေါကြွယ်ဝသော်လည်း ခွဲဝေလှူဒါန်းလေ့မရှိသည့်အတွက် သူပိုင်ဥစ္စာသည် သမုဒ္ဒရာရေကဲ့သို့ များပင်များ သော်လည်း မည်သူမျှသောက်သုံးခွင့်မရသည်နှင့်တူလေသည်။ ထို့ကြောင့် လူသားတိုင်း၏ နှလုံးသားဝယ် သဒ္ဓါတရား အချိန်ကြာမြင့်စွာကိန်းနေမှသာ အရာအားလုံးပြီးပြည့်စုံသောအောင်မြင်မှုကိုရရှိမှာဖြစ် ပါသည်။

## အမြတ်တနိုး အားကိုးစရာ ရတနာ

လူသားတို့အတွက် အမြတ်တနိုးအားကိုးစရာအကောင်းဆုံးဖြစ်သော ပညာရတနာသည် လောကီပညာ၊ လောကုတ္တရာပညာဟူ၍ နှစ်မျိုးရှိပါသည်။ လောကီပညာရပ်များကိုပဲကြည့်ပါလေ။ ပညာရှင် တွေက ကိုယ်တတ်သိထားသောပညာရပ်တို့ဖြင့် သက်သက်သာသာ ခန့်ခန့်ညားညား စီးပွားရှာနိုင်ကြသည်။ ပညာဖြင့် စီးပွားရှာသူက မပင်မပမ်း အေးချမ်းသက်သာစွာ

ချမ်းသာနိုင်ကြသည်။ ပညာမတတ် သူများက စည်းပွားဥစ္စာကို ပင်ပင်ပမ်းပမ်း ဆင်းဆင်းရဲရဲ ရှုံးကန်ရှာဖွေကြရသည်။ ကုန်ထမ်းသမား အလုပ်ကြမ်းသမားဖြစ်ကြရသည်။ ထို့ကြောင့်ပညာရှင်များက ပညာမျိုးသာ ကိုယ့်ဥစ္စာ၊ ပညာရွှေအိုး လူမခိုး၊ ပညာရှိသော် လူခေါ်ဝေါ်၊ ပညာရဲရင့် ပွဲလယ်တင့် စသည်ဖြင့် ဖွင့်ဆိုကြလေသည်။ ပညာမရှိသော်လည်း ဥစ္စာဓနကို ဥစ္စာဓနဖြင့်ရင်းနှီးရှာဖွေကြသူများလည်း ချမ်းသာကြွယ်ဝနိုင်ပါသည်။ သို့သော်လည်း ထို သူများ ဥစ္စာဓနဆုံးရှုံးသွားသည့်အခါတွင် စိတ်ဓာတ်ပါကျရှုံး ဘုံးဘုံးလဲသွားတတ်ပါသည်။ ပညာဖြင့် ကြီးပွားချမ်းသာများသည်ကား ဥစ္စာဓနကျရှုံးသွားပါကလည်း မိမိပညာဖြင့် အသက်မွေးနိုင်ကြသည်။ စိတ် ထားခိုင်မာစွာ ဘဝကိုမြင့်သည်ထက်မြင့်အောင် တည်ဆောက်နိုင်ကြသည်။ ထို့ကြောင့် ဥစ္စာဟူသည် မျက်လှည့်မျိုး ပညာဟူသည် မြတ်ရွှေအိုးဟုဆိုကြလေသည်။

လောကီပညာရပ်တို့ထက် လောကုတ္တရာပညာက ပို၍ အမြတ်တနိုးအားကိုးစရာအကောင်းဆုံးဖြစ်၏။ လောကီပညာရပ်များက လက်ရှိဘဝကိုသာ ပြည့်စုံကြွယ်ဝအောင် အဆင့်အတန်းမြင့်အောင် စွမ်း ဆောင်ပေးနိုင်သည်။ လောကုတ္တရာပညာတည်းဟူသော ဝိပဿနာဉာဏ်ပညာ၊ မဂ်ပညာ၊ ဖိုလ်ပညာများက လက်ရှိဘဝတွင်မျှမက သံသရာဆင်းရဲ ခန္ဓာဆင်းရဲအားလုံးကို ချုပ်ငြိမ်းစေနိုင်သည်။ ချမ်းသာ ခြင်းအားလုံးတို့၏ထိပ်ခေါင် နိဗ္ဗာန်သို့ ပို့ဆောင်ပေးနိုင်သည်။ ထို့ကြောင့် လူသားတို့၏ အမြတ်တနိုး အားကိုးစရာအကောင်းဆုံးရတနာသည်ကား လောကုတ္တရာပညာရတနာဖြစ်ပါသည်။

## လုယူမရ မြတ်ပုည

လူဆိုးသူခိုးများ လုယက်ယူငင်၍ မရသောအရာသည် ကျွန်ုပ်တို့ပြုလုပ်ထားသောကောင်းမှုကုသိုလ်များပင်တည်း။ ကျွန်ုပ်တို့ပိုင်ဆိုင်ထားသော စီးပွားဥစ္စာရတနာတို့ကို ရန်သူမျိုးငါးပါးတို့က လုယက် ဖျက်ဆီးပစ်နိုင်ကြသည်။ ကျွန်ုပ်တို့ကိုယ်တိုင်ပြုလုပ်ထားသော ကုသိုလ်ကောင်းမှုကို မည်သည့်တန်ခိုးရှင်ကမျှ လုယက်ယူငင်၍မရ။ မင်းကုသိုလ်ကိုငါ့ကိုပေး မပေးရင်မင်းကိုသတ်မည်ဟုဆိုကာ လူကိုသတ် သွားသော်လည်း လူသာသေသွားမည် ကောင်းမှုကုသိုလ်ရမသွားပေ။ ကောင်းမှုကုသိုလ်ကို ကြည်ဖြူစွာအမျှပေးဝေလျှင်ကား ရသွားပါမည်။ ကျွန်ုပ်တို့ ကုသိုလ်ထဲကလည်း လျော့မသွားပါ။ ထို့ကြောင့် မည်သူ မျှလုယက်ယူငင်၍မရသောအကောင်းဆုံးသော ကုသိုလ်ကောင်းမှုကို စုဆောင်းဆည်းပူးသင့်လှပေသည်။

## ကျင့်သုံးလိုက်နာ အမြတ်ဆုံးသောအရာ

(၁)အနာရောဂါကင်းခြင်း ကျန်းမာခြင်းသည် အမြတ်ဆုံးသော လာဘ်လာဘ။ (၂)လိုချင်လွန်းအားကြီးသော လောဘကိုပယ်ခွါ၍ ရောင့်ရဲတင်းတိမ်ခြင်းသည် အမြတ်ဆုံးသော စည်းစိမ်ဥစ္စာ။ (၃)ရင်းနှီးခင်မင် အကျွမ်းဝင်ခြင်းသည် အမြတ်ဆုံးသော ဆွေမျိုး။ (၄)ဆင်းရဲခပ်သိမ်း အေးငြိမ်းရာနိဗ္ဗာန်သည် အမြတ်ဆုံးချမ်းသာ။

## ရောဂါကင်းပ လာဘ်လာဘ

ရောဂါဝေဒနာပြင်းထန်မှု၏ ဆင်းရဲဒုက္ခကို ရောဂါဖြစ်ဘူးသူများသာသိကြပါသည်။ ကိုယ်ကိုယ်တိုင်မကျန်းမာဘူးမှ ကျန်းမာခြင်း၏တန်ဘိုးကိုနားလည်ပါသည်။ ရောဂါဝေဒနာရရှိလာသည့်အခါ ရောဂါ ဒဏ်ကို ခံစားရသည်ကတစ်မျိုး၊ စုဆောင်းထားသမျှငွေလေးများ ကုန်ခမ်းသည်ကတစ်သွယ် အမျိုးမျိုးဆင်းရဲဒုက္ခရောက်ကြရသည်။ ထို့ကြောင့် ကျန်းမာရေးကို အထူးပင်ဂရုစိုက်ကြရ၏။ ကျန်းမာစေကြောင်း နည်းလမ်းကောင်းများကို ကျင့်သုံးကြရ၏။ ဆေးဝါးဓာတ်စာများကို မှီဝဲကြရ၏။ ကျန်းမာစေကြောင်း နည်းလမ်းကောင်းကို မြတ်စွာဘုရားက ရေစစ်ဆေးကျောင်း အဟောင်းပြုပြင် ပဋ္ဌအဌ မြတ်သီလ မှုချ သက်ရှည်ကြောင်းဟုဟောတော်မူပါသည်။ အသက်ရှည်ပြီး ကျန်းမာလိုပါလျှင် ရေစစ်၊ ဆေး၊ ကျောင်းတို့ကိုလှူဒါန်းခြင်း၊ ဟောင်းနွမ်းပျက်စီးနေသောစေတီပုထိုးကျောင်းဇရပ်များကိုပြုပြင်ခြင်း၊ ငါးပါး ရှစ်ပါး အစထားသော သီလများကိုစောင့်ထိန်းခြင်းတို့ကိုပြုရမည်။ ညှင်းဆဲသူအား အနာများ သနားကျန်းမာမည်ဆိုသည့်အတိုင်း သူတစ်ပါးကို မညှင်းဆဲပဲ မေတ္တာ ကရုဏာတရားလက်ကိုင်ထားပါက ရောဂါကင်းပ အမြတ်ဆုံးသောလာဘ်လာဘကို ပိုင်ဆိုင်ကြရမှာဖြစ်သည်။

## ရောင့်ရဲတင်းတိမ် မြတ်စည်းစိမ်

လိုချင်တပ်မက်လွန်းသောလောဘတဏှာကို ထိန်းသိမ်းနိုင်ပြီး ရောင့်ရဲတင်းတိမ်နိုင်ခြင်းသည် အမြတ်ဆုံးသောစည်းစိမ်ဥစ္စာပါတည်း။ အဘယ့်ကြောင့်ပါနည်း လောဘတဏှာအလိုလိုက်နေပါက ရလေ လိုလေဖြစ်တတ်၏။ သောက်လေသောက်လေ ငတ်မပြေဖြစ်တတ်၏။ လိုမပြည့်ဝ အားမရ တဏှာ့ကျွန်ချည်းပါတကားဆိုသည့်အတိုင်း မည်မျှပင် စည်းစိမ်ချမ်းသာပြည့်စုံနေနေ လိုအပ်နေဦးမည်သာ။ တဏှာ ၏ကျေးကျွန်အဖြစ်နှင့် ရှာပြီးရင်းရှာရင်း ပြည့်စုံသွားပြီဟူ၍ မရှိပဲဖြစ်နေတတ်ပါသည်။ လိုချင်လွန်းသောလောဘတဏှာကို ပယ်ခွါလိုက်မှ

အရာအားလုံးလိုလေသေးမရှိပြည့်စုံသွားပါတော့သည်။ မည်သည့် အရာကိုမျှ မတောင့်တတော့ပါ။ ရောင့်ရဲတင်းတိမ်နိုင်သွားပါသည်။ ထို့ကြောင့် ရောင့်ရဲတင်းတိမ်မှုသည် အရာအားလုံးလိုလေသေးမရှိပြည့်စုံသော အမြတ်ဆုံးချမ်းသာဟုဟောတော်မူပါသည်။

## အကျွမ်းဝင်လှ မြတ်မိတ္တာ

ရင်းနှီးချစ်ခင် အလွန်ကြင်နာကြသော သူများသည် အမြတ်ဆုံးဆွေမျိုးဖြစ်ပါသည်။ ညီအစ်ကိုအရင်း မောင်နှမအရင်း ညီအစ်မအရင်းပင်ဖြစ်သော်လည်း ရန်ညှိုးဒေါသ အာဃာတတို့ဖြင့်စိမ်းကားနေကြ လျှင် ဆွေမျိုးဟုမဆိုနိုင်။ ဆွေမျိုးအရင်းအချာဖြစ်သော်လည်း ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာမရှိကြလျှင်၊ တစ်ဦး၏ကောင်းကျိုးကို တစ်ဦးက မလိုလားကြလျှင် ဆွေမျိုးဟုမခေါ်ဆိုနိုင်ချေ။ ဆွေမျိုးမတော်စပ် သော်လည်း တစ်ဦးနှင့်တစ်ဦး ချစ်ချစ်ခင်ခင် ညီညီညွတ်ညွတ် တစ်ဦး၏ကောင်းကျိုးကို တစ်ဦးကလိုလားကူညီဆောင်ရွက်နေခြင်းသည် အကောင်းဆုံးသောဆွေမျိုးမည်ပါသည်။

## နိဗ္ဗာန်သုခ မွန်မြတ်လှ

လောက၌ချမ်းသာသုခဟုဆိုကြကုန်သော အရာအားလုံးသည် တကယ့်ချမ်းသာစစ် ချမ်းသာမှန်မဟုတ်။ လောက၏သဘာဝကိုက ဖြစ်တတ်ပျက်တတ်သောသဘော၊ ဖောက်ပြန်ပြောင်းလဲတတ်သော သဘောရှိသောကြောင့် ဆင်းရဲခြင်းလက္ခဏာသို့ဆောင်နေပါသည်။ လူချမ်းသာ နတ်ချမ်းသာ ပြဟ္မာချမ်းသာများသည် မည်မျှချမ်းသာသည်ဖြစ်စေ အိုနာသေများအမြဲတစေနှိပ်စက်၊ တစ်ထောင့်ငါးရာကိလေ သာမီးတို့၏လောင်စာဖြစ်သောကြောင့် ချမ်းသာသုခမခေါ်ဆိုထိုက်။ ဆင်းရဲမှုသဘောလက္ခဏာပင်ဖြစ်၏။ ထို့ကြောင့် ဘုံဘဝတို့၏ ဝဋ္ဋဒုက္ခအေးငြိမ်းရာ၊သံသရာဝဋ္ဋဆင်းရဲမီးတောက်မီးလျှံများ အငြိမ်းတိုင်ငြိမ်း ရာ နိဗ္ဗာန်ချမ်းသာသည်သာ အမြတ်ဆုံးချမ်းသာဖြစ်ပါသည်။

## ချမ်းသာသုခ ဤလေးဝ

(၁)ဗုဒ္ဓဘုရားရှင် ပွင့်တော်မူလာခြင်းသည် ချမ်းသာသုခ၏ အကြောင်းရင်း။ (၂)ဗုဒ္ဓဘုရားရှင်က သူတော်ကောင်းတရားကို ဟောကြားပြသ ဆုံးမတော်မူခြင်းသည်

ချမ်းသာသုခ၏အကြောင်းရင်း။ (၃)ရဟန်းရှင်လူ ပြည်သူအပေါင်း ချစ်ခင်ညီညွတ်ကြခြင်းသည် ချမ်းသုခ၏အကြောင်းရင်း။ (၄)ညီညွတ်သော ရဟန်းရှင်လူပြည်သူအပေါင်းက ကိလေသာငြိမ်းကြောင်း အကျင့်ကောင်းကို အညီအညွတ်ကျင့်ဆောင်ကြခြင်းသည် ချမ်းသာသုခ၏အကြောင်းရင်း။

## ဗုဒ္ဓပွင့်လာ ဉာဏ်ကမ္ဘာ ချမ်းသာပြည့်ဝစေ

ဘုရားရှင်ပွင့်ထွန်းပေါ်ပေါက်လာသောကြောင့် လူနတ်ပြဟ္မာသတ္တဝါတို့ ဖူးမြော်ကြည်ညိုခွင့်ရနေလျှင်ပင် ချမ်းသာသုခရနေကြပါသည်။ ထိုမျှမက ဘုရားရှင်က လူသားတို့အား ကျင့်သုံးထိုက်သော တရား၊ ရှောင်ကြဉ်ထိုက်သောတရားတို့ကို သွန်သွင်ညွှန်ပြဆုံးမတော်မူသည်။ သို့အတွက်ကြောင့် လူသားတို့က ကျင့်သုံးထိုက်သော ဒါနသီလဘာဝနာတရားတို့ကိုကျင့်သုံး၍ လက်ရှိဘဝတမလွန်ဘဝတို့၌ ချမ်းသာသုခရရှိကြ၏။ ရှောင်ကြဉ်ထိုက်သော အကုသိုလ်တရားတို့ကို ရှောင်ကြဉ်ကြသည့်အတွက် သီလဖြူစဉ်ကာ အပါယ်ဘေးကလွတ်ကင်း ချမ်းသာခြင်းနှင့်ပြည့်စုံရ၏။ ဘုရားရှင်အား ကြည်ညိုရုံ၊ ဖူးမြော် ရုံလေးနှင့် ကောင်းရာသုဂတိ၌ကောင်းကျိုးချမ်းသာရရှိသွားသူများလည်း အများအပြားရှိနေခဲ့ပါသည်။ ထို့ကြောင့် ဘုရားရှင်ပွင့်တော်မူလာသော ဉာဏ်ကမ္ဘာသည် ချမ်းသာသုခပြည့်စုံလှပါ၏။

## ဗုဒ္ဓဟောကြား မြတ်တရား အများချမ်းသာစေ

ဘုရားရှင် ပွင့်ထွန်းပေါ်ပေါက်လာပြီး မည်သည့်တရားကိုမျှ မဟောကြားလျှင်လည်း ဘုရားမှန်းပင်မသိနိုင်သည့်အတွက် ချမ်းသာသုခအပြည့်အဝ မရနိုင်ပါ။ ဘုရားရှင်က တရားတော်တည်းဟူသော မီးရှူးတန်ဆောင် အလင်းရောင်ကိုထွန်းညှိတော်မူမှသာ လူနတ်ပြဟ္မာတို့ ဉာဏ်မျက်စိအလင်းရကြသည်။ အသိအလိမ္မာ ဉာဏ်ပညာများတိုးပွားလာကြသည်။ ချမ်းသာစစ်ချမ်းသာမှန်ကို လက်ငင်းဒိဋ္ဌ ရရှိကြ ရသည်။ ယနေ့ခေတ်၌ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူသွားသော်လည်း ဘုရားဟောကြားမြတ်တရားအတိုင်း ကျင့်ကြံပွားများနေကြသည့်အတွက်လည်း ချမ်းသာသုခရရှိကြရသည်။ မည်သည့်ဘာသာ ဝင်ပဲဖြစ်ဖြစ် မြတ်စွာဘုရား၏ မဂ္ဂင်ရှစ်ပါး သစ္စာလေးပါးစသောတရားတော်အတိုင်းသာကျင့်ကြံပွားများနေပါက ချမ်းသာသုခရရှိနေကြပါလိမ့်မည်။ ထိုအခါကြမှ ဘုရားစစ်ဘုရားမှန်တွေ့မြင်ပါလိမ့်မည်။ ပုဏ္ဏ သာတိမင်းကြီးဝတ္ထုကိုကြည့်က သိသာနိုင်ပါသည်။ ထို့ကြောင့် မြတ်စွာဘုရားရှင်က သူတော်ကောင်းတရားကို ဟောကြားတော်မူခြင်းသည် ချမ်းသာခြင်း၏အကြောင်းရင်းဖြစ်ပါသည်။

## ရဟန်းရှင်လူ ညီညွတ်မှု ကြည်ဖြူငြိမ်းချမ်းမည်

ရဟန်းရှင်လူပြည်သူများ အချင်းချင်း စိတ်တူကိုယ်တူ ကြည်ကြည်ဖြူဖြူ ညီညီညွတ်ညွတ်ရှိကြမှသာ ချမ်းသာသုခရရှိကြပေလိမ့်မည်။ အဖွဲ့အစည်းများ၊ မြို့ရွာတိုင်းပြည်များ မည်မျှပင် ကြီးမားကျယ်ဝန်း ပါစေ တစ်ဦးနှင့်တစ်ဦးမညီညွတ်ကြလျှင်၊ တစ်ယောက်တစ်ပေါက်တစ်ဗိုလ်တစ်မင်းဖြစ်နေကြလျှင် ချမ်းသာသုခမရရှိနိုင်ကြပါ။ ဘုရားရှင်လက်ထက်က သုတ္တန်ဆောင်ရဟန်းနှင့် ဝိနည်းဆောင်ရဟန်းတို့ အချင်းချင်း အငြင်းပွားရာက ရဟန်းပရိသတ် လူပရိသတ်နတ်ပရိသတ်များ နှစ်ခြမ်းကွဲခဲ့ကြဘူးပါသည်။ ထိုဖြစ်စဉ်ကိုကြည့်ပါက မဖြစ်စလောက်ပြဿနာလေးက အစပြုကာ အမှိုက်ကစ ပြဿဒ်မီးလောင်ဖြစ်ခဲ့ ရပါသည်။ ထိုသို့မဖြစ်ကြရလေအောင် အချင်းချင်း ဖြဟ္မစိုရ်တရားနှင့် သူတော်ကောင်းတရားလက်ကိုင်ထားကြရပါလိမ့်မည်။ အချင်းချင်းညီညွတ်မှုတနေမှသာ ပြုလုပ်သမျှကိစ္စအားလုံး ချောချောမောမော အောင်အောင်မြင်မြင် စိတ်ချမ်းသာကိုယ်ချမ်းသာ ရှိကြပါလိမ့်မည်။ ထို့ကြောင့် ရဟန်းရှင်လူပြည်သူအပေါင်းညီညွတ်ကြခြင်းသည် ချမ်းသာခြင်း၏အကြောင်းရင်းဖြစ်ပါသည်။

## ကိလေငြိမ်းကြောင်း အကျင့်ကောင်း စုပေါင်းကျင့်က မြတ်သုခ

အချင်းချင်း စိတ်တူကိုယ်တူညီညွတ်နေသည်ဆိုရာတွင် မကောင်းမှုဒုစရိုက်များကို ညီညီညွတ်ညွတ်ကျင့်နေကြလျှင်လည်း ချမ်းသာသုခမရနိုင်ပါ။ မကောင်းမှုများကို စိတ်တူကိုယ်တူအညီအညွတ်ကျင့် သုံးကြသူများသည် ဖြစ်လေရာရာ ဘဝသံသရာတွင် အစုလိုက်အပြုံလိုက် ဆင်းရဲဒုက္ခခံစားကြရပါလိမ့်မည်။ နိဗ္ဗာန်ရောက်ကြောင်း သူတော်ကောင်းတရားကို အချင်းချင်းညီညီညွတ်ညွတ်ကျင့်ဆောင်ကြမှ သာ အစုလိုက်အပြုံလိုက်ချမ်းသာပြီး သံသရာဝဋ်ဆင်းရဲမှ ညီညီညွတ်ညွတ်လွတ်မြောက်ကြရပါမည်။ ထို့ကြောင့် ကိလေသာငြိမ်းကြောင်း အကျင့်ကောင်းများကို စုပေါင်းကျင့်ကြံကြပါက ချစ်ခင်ညီညွတ်ကြသည့်အတွက်လည်း ချမ်းသာသုခရရှိကြမည်။ ကိလေသာမီးတောက်မီးလျှံငြိမ်းသည့်အတွက်လည်း ချမ်းသာသုခရရှိကြမည်ဖြစ်ပါသည်။

## မင်္ဂလာတရား ပြည့်စုံခြား ရခြားနိဗ္ဗူတာ

မင်္ဂလာဟူသည်ကား မကောင်းမှုများကို ဖြတ်တောက်တတ်၊ ကောင်းကျိုးချမ်းသာအပေါင်းပြည့်စေတတ်သောကြောင့်မင်္ဂလာမည်ပါသည်။ မင်္ဂလသုတ်တွင် ပါဝင်သော မင်္ဂလာတရားသုံးဆယ့်ရှစ်ပါး အတိုင်း ကျင့်သုံးနေထိုင်သွားပါက လောကီစည်းစိမ်ဥစ္စာလည်းပြည့်စုံ လောကုတ္တရာ ချမ်းသာသုခကိုလည်း မျက်မှောက်ပြုနိုင်ပါသည်။ နေ့စဉ်နေ့တိုင်းလည်း ကောင်းကျိုးချမ်းသာ ကျက်သရေမင်္ဂလာအဖြာ ဖြာတို့နှင့်ပြည့်စုံနေပါလိမ့်မည်။ မင်္ဂလာပါ မင်္ဂလာပါဟု မည်မျှပင် နှုတ်ခွန်းဆက်သနေနေ မင်္ဂလာတရားတော်နှင့်အညီကျင့်သုံးနေထိုင်မှမင်္ဂလာရှိပါသည်။ သို့ပါ၍ မင်္ဂလာကျက်သရေတိုးတက်စေလိုသူများ သည် မင်္ဂတရားတော်နှင့်အညီကျင့်သုံးနေထိုင်ရင်း ကောင်းမြတ်ချမ်းသာမင်္ဂလာတို့နှင့်ပြည့်စုံတော်မူကြပါစေဟု ဆန္ဒပြုရင်း.....။

*အရှင်ဇဝန (ကုန်းဇောင်း)*